## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
## ရီယာဒ်မြို့

### ဆော်ဒီအာရေဗျနိုင်ငံ၊ ရီယာဒ်မြို့ ၊ မြန်မာသံရုံး ၏ ကြေညာချက်
### ( ၁၇-၁၀-၂၀၁၇ )

၁။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ လူမှုကွန်ယက် စာမျက်နှာဖြစ်သည့် ဖေ့စ်ဘွတ်ခ်စာမျက်နှာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine “ UEHRD) အား အောက်ဖော်ပြပါ အဓိက လုပ်ငန်းစဉ်ကြီး (၃)ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည် -

လုပ်ငန်းစဉ် (၁) လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည် လက်ခံရေး။

လုပ်ငန်းစဉ် (၂) ပြန်လည် နေရာချထားရေးနှင့် ပြန်လည် ထူထောင်ရေး။

လုပ်ငန်းစဉ် (၃) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည် ပဋိပက္ခ ကင်းဝေးရေး။

၂။ အဆိုပါ ဖွံ့ဖြိုးရေးစီမံကိန်းတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း/ ပြည်ပ နိုင်ငံ အဖွဲ့အစည်းစုံ ပါဝင်နိုင်မှု၊ ကဏ္ဍစုံ/အလွှာစုံ ပါဝင်နိုင်မှု၊ လုပ်ငန်းမျိုးစုံ ဆောင်ရွက်နိုင်မှုတို့အတွက် ရည်ရွယ်ပြီး ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်သူပြည်သားများ၊ ပြည်တွင်း NGO များနှင့် CSO များ၊ စီးပွားရေး လုပ်ငန်း ရှင်ကြီးများ ပူးပေါင်းပါဝင်ကြရန် မေတ္တာရပ်ခံထားပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေး အတွက် ပံ့ပိုးကူညီပေးရန် ကမ်းလှမ်းထားသည့် နိုင်ငံများ၊ ကုလသမဂ္ဂ အေဂျင်စီများ ၊ World Bank နှင့် ADB ကဲ့သို့သော ဘဏ္ဍာရေး အဖွဲ့အစည်းများ၊ Nippon Foundation ကဲ့သို့သော INGO အဖွဲ့အစည်းများနှင့် မိတ်ဆွေနိုင်ငံများ ပါဝင် ကြရန်လည်း ဖိတ်ခေါ်ထားကြောင်း သိရှိရပါသည်။

၃။ အဆိုပါ စီမံကိန်းနှင့် ပတ်သက်၍ သတင်းအချက်အလက်များနှင့် လှူဒါန်း လိုသူများ ဆက်သွယ်လှူဒါန်းနိုင်မည့် ဘဏ်စာရင်းများကို http://rakhine.unionenterprise.org/ အင်တာနက်စာမျက်နှာတွင် အသေးစိတ် ဖော်ပြထားပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါ စီမံကိန်းနှင့် ပတ်သက်၍ ဆော်ဒီနိုင်ငံ၊ ရီယာဒ်မြို့ရှိ မြန်မာသံရုံးမှ တာဝန်ယူထားသည့် ဆော်ဒီနိုင်ငံ ၊ ထို့ပြင် ပူးတွဲပါ တာဝန်ယူထားသည့် ဘာရိန်း၊ အိုမန်း၊ ကာတာ နိုင်ငံတို့ရှိ မြန်မာနိုင်ငံသားများ၊ လူမှုရေးအသင်းအဖွဲ့များ နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပါဝင်လှူဒါန်းလိုပါက ဆက်သွယ်လှူဒါန်း နိုင်ရေးအတွက် အသိပေးအပ်ပါကြောင်းနှင့် ဆက်သွယ် လှူဒါန်းလိုသူများရှိပါက လိုအပ်သည့် အကူအညီများရှိပါက မြန်မာသံရုံးမှ ချိတ်ဆက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ဖော်ပြအပ်ပါသည်။

**မြန်မာသံရုံး**
**ရီယာဒ်မြို့**
**ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်**